# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)

## ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက်

## (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) ကော်မရှင်ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဆိုသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ ကိုဆိုသည်။

(ဃ) နိုင်ငံသား ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူလည်း ပါ ဝင်သည်။ ဤဥပဒေ အလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(င) နိုင်ငံခြားသား ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေး အဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) ကမကထပြုသူ ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသား တစ်ဦးဦးကို ဖြစ်စေ၊ နိုင်ငံခြားသား တစ်ဦးဦးကို ဖြစ်စေ ဆိုသည်။

(ဆ) အဆိုပြုချက် ဆိုသည်မှာ ကမကထပြုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှု အတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော

သတ်မှတ်သည့် လျှောက်လွှာနှင့်အတူ ပဋိညာဉ် စာချုပ်မူကြမ်း၊ ငွေရေးကြေးရေး ဆိုင်ရာ အထောက်အထားများနှင့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများကို ဆိုသည်။

( ဇ ) ခွင့်ပြုမိန့် ဆိုသည်မှာ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူ ခွင့်ပြုချက်ကို ဖော်ပြသည့် အမိန့်ကို ဆိုသည်။

( ဈ ) နိုင်ငံခြား မတည်ငွေရင်း ဆိုရာတွင် နိုင်ငံခြားသားတစ်ဦးဦးက ခွင့်ပြုမိန့်အရ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ ပါဝင်သည်-

(၁) နိုင်ငံခြားငွေ၊

(၂) စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင် တန်ဆာပလာများ အပါအဝင် လုပ်ငန်းတွင် အမှန်တကယ် သုံးစွဲရန်လိုအပ်၍ နိုင်ငံတော်အတွင်း၌ မရရှိနိုင်သော ပစ္စည်း၊

(၃) လိုင်စင်၊ တီထွင်မှုပိုင်ဆိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သော အခွင့်အရေး၊

(၄) ကျွမ်းကျင်မှု နည်းပညာရပ်၊

(၅) အထက်ပါတို့မှ လုပ်ငန်းတွင် တိုးပွားရရှိပြီး၍ဖြစ်စေ၊ ဝေစု အကျိုးအမြတ်ကို ဖြစ်စေ ပြန်လည်ရင်းနှီးမြှုပ်နှံသော ငွေများ။

( ည ) ရင်းနှီးမြှုပ်နှံသူ ဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကို ဆိုသည်။

( ဋ ) ဘဏ် ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုကို ဆိုသည်။

( ဌ ) ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်း အမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အခြား ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ။

(၂) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့(ခ်)များနှင့် ဒီဘင်ချာခေါ် ငွေချေး သက်သေခံ လက်မှတ်များ၊

(၃) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ်ထားရှိသည့် ပဋိညာဉ် စာချုပ် အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ၊

(၄) တည်ဆဲဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊

(၅) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့်ထုတ်လုပ်ခြင်း ဆိုင်ရာ အခွင့်အရေးများ အပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ် စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ အခွင့်အရေးများ။

( ဍ ) မြေငှားရန်းခွင့် ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရရှိသူ ဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့် ရရှိသူကို ဆိုသည်။

## အခန်း(၂)
## သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်းများ

၃။ ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော စီးပွားရေး လုပ်ငန်းများနှင့် သက်ဆိုင် စေရမည်။

၄။ အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်သည်-

( က ) နိုင်ငံတော်အတွင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့်

ဓလေ့ထုံစံ များကို ထိခိုက်စေသော လုပ်ငန်းများ၊

( ခ ) ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော လုပ်ငန်းများ၊

( ဂ ) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းများ၊

( ဃ ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် လုပ်ငန်းများ၊

( င ) နိုင်ငံတကာ သဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ သို့မဟုတ် အသုံးပြုသည့် လုပ်ငန်းများ၊

( စ ) နည်းဥပဒေ ထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင် နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊

( ဆ ) ပြည်ပမှစမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန် အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အသုံးအဆောင်များနှင့် သယ်ဆောင် လာနိုင်သည့် လုပ်ငန်းများ၊

( ဇ ) နည်းဥပဒေထုတ်ပြန် သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများ၊

( ဈ ) နည်းဥပဒေ ထုတ်ပြန် သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများ၊

( ည ) နည်းဥပဒေ ထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင် ငါးဖမ်း လုပ်ငန်းများ၊

( ဋ ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်အဖြစ် သတ်မှတ်ထားသော နေရာများမှအပ နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ် ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ တစ်ဆယ်မိုင် အတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ။

၅။ ပုဒ်မ ၄ အရ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသား ပြည်သူများ၏

အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ၍ ခွင့်ပြုနိုင်သည်။

၆။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေး အခြေအနေ၊ ပတ်ဝန်းကျင် အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုး သက်ရောက်မှု ဖြစ်စေနိုင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကို ပြည်ထောင်စု အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း(၃)
## ရည်ရွယ်ချက်

၇။ နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများ လောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချ နိုင်စေရန်၊ လုပ်ငန်းများတိုးတက် ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါ်များ လာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ အခြေခံ အဆောက်အအုံများဖြစ်သော ဘဏ်နှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အဆင့်မြင့် လမ်းမကြီးများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ထားသည့် အဝေးပြေး လမ်းများ၊ အမျိုးသား လျှပ်စစ်နှင့်စွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီ သတင်းအချက်အလက် နည်းပညာအပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်၊ ဆက်သွယ်ရေး ကွန်ရက်များ၊ နိုင်ငံတကာအဆင့်မီ ရထား၊ သင်္ဘော၊ လေယာဉ်စသည့် ပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင်

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752552